မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Provice 63110 Thailand Tel : Fax (66) (055) 533 766 E-mail : blcms@cscoms.com
blcsan@ksc.th.com / Website : www.blc-burma.org

# နအဖ မှ တရားမဝင်နည်းလမ်းဖြင့် ရရှိသည့် ငွေကြေး နှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း ခြင်းနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြချက်

နအဖ သည် ၂၀၀၂ ခုနှစ် ဇူလိုင်လ (၁၇) ရက်နေ့ က ပြဋ္ဌာန်းခဲ့သော **တရားမဝင် နည်းလမ်းဖြင့် ရရှိသည့် ငွေကြေး နှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ ကို** ပြင်ဆင်သည့် ဥပဒေအဖြစ် ပုဒ်မ ၃၁ ၏ နောက်တွင်၊ ပုဒ်မ ၃၁ (က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၂) ရက်နေ့ တွင် အောက်ပါအတိုင်း ထပ်မံပြဋ္ဌာန်း လိုက်သည်။

မည်သူမဆို ဤဥပဒေအရ ပေးပို့သည့် (သို့) ပေးပို့ရန်ရှိသည့် သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သာမန်ထက်ပိုမိုထူးခြားသော (သို့) သံသယဖြစ်ဖွယ်ရှိသော ငွေကြေး (သို့) ပစ္စည်းလွှဲပြောင်းမှုအတွက် ပေးပို့သော သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဤဥပဒေအရ စုံစမ်းစစ်ဆေးသည့် (သို့) စုံစမ်းစစ်ဆေးရန်ရှိသည့် သတင်းနှင့် (သို့) ကိစ္စတရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ သတင်းပေးပို့ခြင်းနှင့်သက်ဆိုင်သူ (သို့) အမှုသည်အပါအဝင် အခြားသူတဦးဦးကို ထုတ်ဖော်ပြောဆိုကြောင်း၊ ပြသ ကြောင်း (သို့) တနည်းနည်းဖြင့် အသိပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အဆိုပါပြဋ္ဌာန်းချက် ၏ သဘောကို လေ့လာ စဉ်းစားနိုင်ရေး အတွက် မူရင်းဥပဒေ အခြေခံမှသုံးသပ်တင်ပြအပ်ပါသည်။

မူရင်းဥပဒေ ဖြစ်သော **တရားမဝင်နည်းလမ်းဖြင့် ရရှိသည့် ငွေကြေး နှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ** သည် ဥပဒေ အားလုံး၏ အထက်တွင်ရှိနေပြီး ဥပဒေ စိုးမိုးရေးအခြေခံမူကို လုံးဝ ဖျက်ဆီးသည့်ဥပဒေ တရပ်ဖြစ်သည် ကိုအောက်ပါ အတိုင်းတွေ့ ရှိရသည်။

၁။ အခြားတည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ အကာအကွယ်ပေးထားမှုများကိုဆန့် ကျင်ကာနိုင်ငံသားများ ၏ အခြေခံလွတ်လပ်ခွင့်ကို အောက်ပါ ပြဋ္ဌာန်းချက်များဖြင့် တရားဝင် ချိုးဖေါက်ခွင့် ပြုထားသည်။

အပုဒ် (၁၀)။ ။ စုံစမ်းစစ်ဆေးရေး အဖွဲ့ သည် --------

(က) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ အဆောက်အအုံ၊ မြေနှင့် လုပ်ငန်းနေရာတို့ ကို ဝင်ရောက် ကြည့်ရှု စစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းခွင့် ရှိသည်။

(ခ) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများမှ ဆင်းသက်လာပြီး အခြားသူ ၏ အမည်ခံထားသော အဆောက်အအုံ၊ မြေနှင့် လုပ်ငန်းနေရာ တစ်ခုခုကို ဝင်ရောက် ကြည့်ရှု စစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့် ရှိသည်။

၂။ စုံစမ်းစစ်ဆေးခြင်းခံရသူသည် ၄င်းဥပဒေ နှင့် အညီ ဖွဲ့ စည်းတာဝန်ပေးအပ်ထားသော ဗဟိုထိန်းချုပ်ရေး အဖွဲ့ ၏ အမိန့် တရပ်ရပ်ကို ကျေနပ်မှု မရှိပါက အယူခံ သို့ မဟုတ် ပြင်ဆင်မှု တင်သွင်းရာတွင် အစိုးရ အဖွဲ့ ၏ ဆုံးဖြတ်ချက် သည် အပြီးအပြတ်ဖြစ်စေရမည် ဟု အပုဒ် (၁၇) တွင် ပြဋ္ဌာန်းပါရှိသည်။ ယင်းမှာ စုံစမ်းစစ်ဆေးခြင်း ခံရသူက မိမိ၏ နစ်နာဆုံးရှုံးမှုများအတွက် တရားရုံးတွင် တင်သွင်းအရေးဆိုခွင့်ကို အပြီးသတ် ပိတ်ပင်လိုက်ရာရောက်ပြီး နိုင်ငံသား များသည် အစိုးရ ပြုသမျှ နုရသည့် အနေအထားသို့ ရောက်ရှိသွားသည်။

၃။ တရားမဝင် နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးများကို ဥပဒေ နှင့် အညီ ထိန်းချုပ်နိုင်ရန် ဥပဒေ စိုးမိုးရေး အခြေခံကို ကျင့်သုံးသည့် ဒီမိုကရေစီ နိုင်ငံကြီးများတွင် တရားရုံးများအား နိုင်ငံခြား စီးပွားရေး နှင့် ငွေရေးကြေးရေး လုပ်ငန်း မှတ်တမ်းများ ကို တောင်းယူ စစ်ဆေးခွင့် အခွင့်အာဏာအား အပ်နှင်းထားလေ့ ရှိသည်။ နအဖ ၏ ယခု ဥပဒေ တ ခု လုံးတွင်မူ တရားရုံးအား မည်သည့် လုပ်ပိုင်ခွင့်အာဏာမျှ အပ်နှင်းထားကြောင်း မတွေ့ရပေ။

တရားမဝင်နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများကို ထိန်းချုပ်နိုင်ရေး အတွက် ဥပဒေများ ပြဋ္ဌာန်းရာ၌ အနိမ့်ဆုံးအား ဖြင့် ရှင်းရှင်းလင်းလင်း ရှိသော လူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရေးကို ရည်မှန်းကာ အောက်ပါ အခြေခံသုံးရပ်ကို လိုက်နာပြဋ္ဌာန်း ကြလေ့ ရှိသည်။

(၁) ဘဏ်များ နှင့် ငွေရေး ကြေးရေး ဆိုင်ရာ အဖွဲ့အစည်းများသည် ဘဏ္ဍာငွေ ဆိုင်ရာ မှတ်တမ်းများ ထားရှိရာမှာ ရှင်းရှင်းလင်းလင်း ရှိရမည်။
(၂) ဘဏ်များ နှင့် ငွေရေး ကြေးရေး ဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံသော ငွေကြေးများသည် တရားဝင် ရရှိသော ငွေများ ဖြစ်ကြောင်း အထောက်အထားပြနိုင်ရမည်။
(၃) ဘဏ်များ နှင့် ငွေရေး ကြေးရေး ဆိုင်ရာ အဖွဲ့အစည်းများသည် မသင်္ကာသော ငွေကြေးလွှဲပြောင်းမှုများ တွေ့ရှိသောအခါ သဘောရိုးနှင့် သက်ဆိုင်ရာ အာဏာ ပိုင်များအားတင်ပြစေရမည်။ ယင်းသို့တင်ပြလိုက် ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ပြဿနာများအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားစွဲဆိုခြင်း မခံစေရ ဟူသော ကာကွယ်ပြဋ္ဌာန်းချက်မျိုးပါရှိ ရန် လိုအပ်သည်။

ယခု နအဖ၏ ဥပဒေတွင် ရှင်းရှင်းလင်းလင်း ရှိသော လူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရေး ရည်မှန်းချက်ဖြင့် တရား မဝင် နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများကိုစနစ်တကျထိန်းချုပ်နိုင်ရန် အထက်ပါ အခြေခံပြဋ္ဌာန်းချက်များ လုံးဝ မပါရှိခြေ။ သို့ဖြစ်၍ ၂၀၀၂ ခုနှစ် ဇွန်လ (၁၇) ရက်နေ့တွင်အဆိုပါ ဥပဒေကို ပြဋ္ဌာန်းခဲ့သော်လည်း လက်တွေ့တွင် တိုင်းပြည်နှင့် နိုင်ငံသားများအတွက် မည်သည့် အကျိုးသက်ရောက်မှုမျှ မရှိခဲ့ဘဲ မသင်္ကာဘွယ်ရာငွေကြေးလွှဲပြောင်း မှု ကြီးများကို တိုင်းပြည် အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံသားများ အနေဖြင့်သော်လည်းကောင်း လုံးဝ သိရှိနိုင် ခဲ့ခြင်း မရှိခြေ။ နိုင်ငံတကာကို လိမ်လည့်လှည့်ဖျားအယုံသွင်းရန်အတွက်သာ အဆိုပါ ဥပဒေ ကို ပြဋ္ဌာန်းထား ခဲ့သည့် သဘော သက်ရောက်နေခဲ့သည်။

စစ်တပ် ထောက်လှမ်းရေး မှူးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ သော ဗိုလ်ချုပ်ကြီး ခင်ညွန့်ကို ဖယ်ရှားခဲ့ပြီးနောက် ရက်ပိုင်းအတွင်းမှာ ပင် နအဖ သည် ဤ ဥပဒေပြင်ဆင်ချက် ကို အရေးတကြီးထားကာ ဘာကြောင့်ပြဋ္ဌာန်းရသည် ကို သုံးသပ်ရန် လိုအပ်လာသည်။ ယင်း ဥပဒေ ၏ အပုဒ် (၁၉)အရသံသယဖြစ်ဘွယ်ရှိသောငွေကြေးလွှဲပြောင်းမှုများ ကို ဤဥပဒေနှင့်အညီဖွဲ့စည်းထား သော ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရမည် ဟု ပြဋ္ဌာန်းပါရှိသည်။ သို့ရာ တွင် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဦးဆောင်မှုအောက်၌ စစ်တပ်ထောက်လှမ်းရေးများ တံခိုးထွားခဲ့သော ကာလအတွင်း တွင် ဘဏ်များ နှင့် ငွေရေး ကြေးရေး ဆိုင်ရာ အဖွဲ့အစည်းများသည် မသင်္ကာဘွယ်ရာ ငွေကြေးလွှဲပြောင်းမှုသတင်း များကို စစ်ထောက်လှမ်းရေးများ အားပေးခဲ့ကြရပုံပေါ်သည်။ ယခု ပြင်ဆင်ချက် ဥပဒေ ထပ်မံ ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ဘဏ်များ နှင့် ငွေရေး ကြေးရေး ဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် ပါတ်သက်စပ်ဆိုင်သူမှန်သမျှသည် ယင်းသို့ ငွေကြေးလွှဲပြောင်းမှု သတင်းများကို နအဖ မှ ခန့်အပ်ဖွဲ့စည်းပေးထားသော ဗဟို ထိန်းချုပ်ရေးအဖွဲ့သို့ပေးပို့ခြင်းမှ လွဲ၍ ထောက်လှမ်းရေးအဖွဲ့များအပါအဝင် မည်သည့် အာဏာပိုင်အဖွဲ့အစည်းများကိုမျှပေး ပို့ခြင်းမပြုရ၊ ယင်းသို့ ပေးပို့ပါက ပြစ်မှု အဖြစ်သတ်မှတ်ကာ ပြစ်ဒဏ်စီရင်တော့မည် ဖြစ်ကြောင်းဖြင့် ပြဋ္ဌာန်းကာ အပြီး သတ် ပိတ်ပင် လိုက်ခြင်းဖြစ်သည်။

ယင်းသို့ ပိတ်ပင်လိုက်သော ဥပဒေ ပြဌာန်းခြင်းဖြင့် ပြီးခဲ့သော နှစ်ပိုင်းများက ပြုလုပ်ခဲ့သည့် တရားမဝင် ငွေကြေး လွှဲပြောင်းမှုကြီးများကို မည်သူကမျှ ထုတ်ဖေါ်ပြောဆိုရဲတော့မည် မဟုတ်ပေ။ ပို၍ အရေးကြီးသည်မှာ နောင်ကို မူးယစ်ဆေးဝါး နှင့် အခြား တရားမဝင် လုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများကို နအဖ ဗိုလ်ချုပ်ကြီးများ ကိုယ်တိုင် လက်ခံရယူနေလျှင်လည်း တတိုင်းပြည်လုံးတွင် မည်သူမျှသိရှိနိုင်တော့မည် မဟုတ်ပေ။ မြန်မာနိုင်ငံ လူ့အဖွဲ့အစည်း သည် ပို၍ ပိတ်ဆို့သော အနေအထား **(Closed Society)** သို့ရောက်ရှိသွားပြီး မူးယစ်ဆေးဝါး၊ လူကုန်ကူးခြင်း၊ ငွေကြေး မှောင်ခို ရောင်းဝယ်ခြင်း၊ အပါအဝင် အခြားတရားမဝင် လုပ်ငန်းများပို၍ ကြီးထွားလာမည် မုချဖြစ်သည်။ နအဖ ဗိုလ်ချုပ်ကြီးများ အပါအဝင် အစိုးရအာဏာပိုင်များ၏ လာဘ်ပေးလာဘ်ယူမှု ကြီးများကိုလည်း ဖေါ်ထုတ်နိုင်မည့် အနေအထားများ လွန်စွာ အားနည်းသွားခဲ့ပြီ ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ　　　　　　　　　　နေ့စွဲ။ နိုဝင်ဘာလ (၄) ရက် ၂၀၀၄ ခုနှစ်

ပိုမို၍ပြည့်စုံစွာ သိရှိလိုပါလျှင်
ဆက်သွယ်ရန်

ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး၊ တယ်လီဖုံး (၆၆) (၀၁) ၄၈၇ ၀၂၆၂